**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)**

**DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ - အမေရိကန်ဌာနခွဲ)<br>သို့<br>လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ မှ ပေးပို့သော<br>သဝဏ်လွှာ

အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ၏ တစည်းတလုံးတည်း စုစည်းကြမည့်အရေးကိစ္စကြီးကို ကျွန်တော်တို့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကအထူးစိတ်ဝင်စားပါသည်။ အထူးအလေးထားပါသည်။

ညီညွတ်ပေါင်းစည်းကြခြင်းသည် မင်္ဂလာရှိသော၊ ကောင်းမြတ်သော ကိစ္စကြီးတစ်ရပ် ဖြစ်ပါသည်။

ယခုကဲ့သို့ ကျွန်တော်တို့တိုင်းပြည်၌ ပြည်သူအများသည် (နအဖ) စစ်အစိုးရ၏ ဖိနှိပ်ရက်စက်မှုနှင့် နာဂစ်မုန်တိုင်းကြီး၏ ဒဏ်ကြောင့် ခရုဆံကျွတ် ဖြစ်ကြရသည့် ဝမ်းနည်းကြေကွဲဖွယ်ရာ အခြေအနေအချိန်ကာလတွင် ပြည်သူများအကျိုးကို တစုတစည်းတည်း၊ တညီတညွတ်တည်း ဆောင်ရွက်နိုင်ရန် ရည်မှန်းကြိုးပမ်းကြခြင်းသည် အချိန်အခါသင့်သော ကိစ္စကြီးလည်းဖြစ်ပါသည်။

သို့ပါ၍ အရှည်တည်တံ့သည့် ညီညွတ်စည်းလုံးမှုကို အခိုင်အမာ တည်ဆောက်နိုင်ပြီး ပြည်သူများအကျိုးစီးပွားကို ရောက်ရှိသည့်နေရာဒေသမှနေ၍ စွမ်းဆောင်နိုင်သလောက် စွမ်းဆောင်နိုင်ကြပါစေရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ထက်သန်မှန်ကန်သော စေတနာဆန္ဒ ပြုလိုက်ပါသည်။

ဗဟိုကော်မတီ<br>လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)<br>၂၀၀၈ ခုနှစ်၊ မေလ (၂၄)ရက်